


# ၁၅ ရက်က ၁၅နှစ်လို ခံစားရတယ်

## အာဏာသိမ်းပြီးနောက် မြန်မာစစ်တပ်၏ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်မှုများ

AMNESTY INTERNATIONAL

# အကျဉ်းချုပ်

> ***"ကျွန်တော်တို့ အိပ်နေတာကို သူတို့ (ရဲတွေ) တွေ့တာနဲ့ ရိုက်တော့တာပဲ။ ထိုင်နေတာ တွေ့ရင်လည်းရိုက်တယ်။ သူတို့ရောက်လာတာနဲ့ ဘယ်လိုပုံစံနေရမယ်ဆိုတာကို မသိဘူး။ ကျွန်တော်တို့ကို ခြိမ်းခြောက်တာတွေလုပ်တယ်။ G3 သေနတ်တွေနဲ့ ကျွန်တော်တို့ ခေါင်းတွေကို ချိန်ပြီး အချိန်မရွေးသတ်ပစ်လို့ရတယ်ဆိုပြီး ခြိမ်းခြောက်တယ်။"***
>
> လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဖမ်းဆီးခြင်းခံခဲ့ရသည့် မကွေးတိုင်းမှကျောင်းသားတစ်ဦး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပြတ်သတ်အနိုင်ရခဲ့သည့် အထွေထွေရွေးကောက်ပွဲအပြီး ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်သည် တိုင်းပြည်၏ အာဏာကို သိမ်းလိုက်သည်။ ရှုံးနိမ့်ခဲ့သော အတိုက်ခံပါတီကို ထောက်ခံအားပေးသည့် မြန်မာစစ်တပ်၏ စစ်ဗိုလ်များက ရွေးကောက်ပွဲအတွင်း လိမ်လည်မှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ် ခဲ့ကြောင်းပြောဆိုခဲ့ပြီး မဲပြန်လည်ရေတွက်ရန် တောင်းဆိုခဲ့ပါသည်။ အာဏာသိမ်းပြီးနောက် နိုင်ငံတစ်ဝှမ်းရှိ ထောင်ပေါင်းများစွာသောလူထုကြီးက လမ်းပေါ်ထွက်ဆန္ဒပြခဲ့ကြသည်သာမက လူထုအာဏာဖီဆန်လှုပ်ရှားမှုတွင် အင်တိုက်အားတိုက်ပါဝင်ခဲ့ကြပါသည်။ မြန်မာစစ်တပ်သည် စစ်မြေပြင်တွင်သာ အသုံးပြုရမည့် လက်နက်များအပါအဝင်  သေစေလောက်သောအင်အားများကိုအသုံးပြု၍ ဆန္ဒပြသူများကို ရက်စက်ကြမ်းကြုတ်စွာတုံ့ပြန်ခဲ့ပါသည်။ လူထောင်ပေါင်းများစွာ သတ်ဖြတ်ခံခဲ့ရသည့်အပြင် အများအပြား ဖမ်းဆီးခံခဲ့ရပါသည်။

ဤ အစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ  ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းပြီး နောက် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူများ သို့မဟုတ် ထိုပုဂ္ဂိုလ်များ၏ ဆွေမျိုးများကို မြန်မာနိုင်ငံရှိ လုံခြုံရေးတပ်ဖွဲ့များ မှ ဖမ်းဆီးခြင်း၊ စစ်ဆေးမေးမြန်းခြင်း နှင့် ထိန်းသိမ်းခြင်း များပြုလုပ်ရာတွင် ၎င်းတို့၏ အပြုအမူများကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ ၊စံနှုန်းများ နှင့် နှိုင်းယှဉ်၍ ဆန်းစစ်ခဲ့ပါသည်။ အစီရင်ခံစာတွင် ၎င်းတို့၏ အခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာပြောဆိုခွင့်၊ စုဝေးခွင့် နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်တို့ကို ကျင့်သုံးခြင်းကြောင့် ဖမ်းဆီး ထောင်ချခံနေရသူများ အားလုံးကို မြန်မာစစ်တပ်မှ လွှတ်ပေးရန် နှင့် အကျဉ်းထောင်ရှိ အခြေအနေများကို နိုင်ငံတကာလူ့အခွင့် အရေးဆိုင်ရာ တာဝန်၊ဝတ္တရားများနှင့် အညီ ပိုမိုကောင်းမွန်စွာ လုပ်ဆောင်ရန် အကြံပြု တိုက်တွန်းချက်များလည်းပါဝင်သည်။

***၁၅ ရက်က ၁၅ နှစ်လိုပဲ ခံစားရတယ်*** ဟုအမည်ရသည့်ယခု အစီအရင်ခံစာ သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီး နောက်ပိုင်း မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ပြုစုထားသည့် အစီရင်ခံစာများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤအစီရင်ခံစာမှ စစ်ဆေးခဲ့သည့် ဖြစ်စဉ်ဆယ်ခုတွင် ညဉ်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ်

အပြစ်ပေးမှုမှ လွတ်မြောက်ခွင့် ချိုးဖောက်မှုများ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများစွာကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ တွေ့ရှိခဲ့ပါသည်။

ဤအစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ မှတ်တမ်းတင်ခဲ့သည့် ဖမ်းဆီးမှုများ နှင့် အကျဉ်းချထားမှုအားလုံးသည် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ နှင့် စံနှုန်းများကို ချိုးဖောက်သည့် ဥပဒေမဲ့လုပ်ရပ်များဖြစ်သည်။ ဖမ်းဆီးမှု နှင့် အကျဉ်းချထားရခြင်း အကြောင်းအရင်းများသည် ဥပဒေနှင့်အညီ မဟုတ်ပဲ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ဥပဒေများနှင့်လည်း ကိုက်ညီမှု မရှိပေ။[1] လွတ်လပ်မှုအား ပိတ်ပင်ထားခြင်းသည် အခြေအနေတိုင်းတွင် ကျိုးကြောင်း ဆီလျော်မှုမရှိသလို မလိုအပ်ပါ။ လွတ်လပ်စွာ ပြောဆိုခွင့်၊ စုဝေးခွင့် နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့် ကို ကျင့်သုံးသည့် ပြည်သူများကို မြန်မာစစ်တပ်မှ ဖမ်းဆီးထိန်းသိမ်းသည့်နည်းကို အသုံးပြု၍ တိုက်ရိုက် တိုက်ခိုက်ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ စကားပြောဆိုခဲ့သည့်သူများသည် ရှာဖွေမိန့် သို့မဟုတ် ဖမ်းဝရမ်းစာ ပြသခံခဲ့ရကြောင်း မတွေ့ရှိရပါ။ ဖမ်းဆီးခြင်းများသည် အမြဲတစေ ဝရမ်းမပါရှိသည့်အပြင် ထိန်းသိမ်းခံရသည့်သူများကို  ဖမ်းဆီးရခြင်း၏ အကြောင်းပြချက်ကို ပေးခဲ့ခြင်းမရှိပါ။ ထိန်းသိမ်းခံရသည့်သူများ၏ ဆွေမျိုးများကိုလည်း ထိန်းသိမ်းထားသည့် နေရာများကို ရက်ပေါင်းများစွာ အသိပေး အကြောင်းကြားခဲ့ခြင်းများမရှိခဲ့ပေ။ ထိန်းသိမ်းခံရသည့် သူများအား ဥပဒေရေးရာတိုင်ပင်ဆွေးနွေးခွင့်ကို စောစီးလျင်မြန်စွာ နှင့် ပုံမှန်ပေးအပ်ခဲ့ခြင်းမရှိသကဲ့သို့ တရားသူကြီး ရှေ့မှောက်သို့ ချက်ချင်းခေါ်ဆောင်သွား ခဲ့ခြင်းများလည်း မရှိပါ။ ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းထားခံရစဉ်အတွင်း ထိန်းသိမ်းထားခံရသူများကို လူသားဆန်သည့် ဆက်ဆံခြင်းများ နှင့် ချက်ချင်း ဆေးကုသမှုခံယူမှုရရှိခွင့်များလည်း ပေးအပ်ခဲ့ခြင်းမရှိပါ။

စစ်တပ်၊ ရဲ သို့မဟုတ် ယူနီဖောင်း သို့မဟုတ် အရပ်ဝတ်များ ဝတ်ဆင်ထားသည့် ပူးပေါင်းတပ်ဖွဲ့များမှ ပြည်သူများကို ၎င်းတို့၏ နေအိမ်များတွင် ညအချိန်တွင် ဖမ်းဆီးလေ့ရှိကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့မှတွေ့ရှိခဲ့ပါသည်။ ဖမ်းဆီးစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များမှ သော့ နှင့် တံခါးများကို ဖျက်ဆီးခြင်း၊ နေအိမ်သို့ အတင်းအဓမ္မ ဝင်ရောက်၍ အိတ်သွန်ဖာမှောက်ရှာဖွေကာ စာရွက်စာတမ်းများ၊ ဖုန်း သို့မဟုတ် လက်ပ်တော့ကဲ့သို့သော လျှပ်စစ်ပစ္စည်းများ နှင့် လက်ဝတ်ရတနာများကဲ့သို့ တန်ဖိုးရှိသော ပစ္စည်းများကို ရံဖန်ရံခါ ယူဆောင်သွားခဲ့ပါသည်။ ထို့အပြင် ဖမ်းဆီးနေချိန်အတွင်း အနီးနားရှိ မိသားစုဝင်များကို မကြာခဏ ခြိမ်းခြောက်ခြင်း သို့မဟုတ် ထိခိုက်နာကျင်စေခြင်းများလည်းရှိခဲ့ပါသည်။

ထိန်းသိမ်းခံရသူများသည် စစ်တပ်နယ်မြေအတွင်းရှိ စစ်ကြောရေးစခန်း၊ ရဲစခန်းများ သို့မဟုတ် ယာယီပြုလုပ်ထားသည့် စစ်ကြောရေးစခန်းများကဲ့သို့ တရားဝင်မဟုတ်သည့် စစ်ကြောရေးစခန်းများ သို့ ခေါ်ဆောင်ခြင်း ခံခဲ့ရသည်။  အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သည့်သူအချို့သည် ကနဦး ဖမ်းဆီးထိန်းသိမ်းခံရစဉ်တွင် ၎င်းတို့အား မည်သည့်နေရာတွင် ထိန်းသိမ်းထားခဲ့ကြောင်း သေချာမသိရှိပေ။ ဖမ်းဆီးထိန်းသိမ်းခံရသူများသည် ရက်အတော်ကြာ စစ်ကြောမေးမြန်းခံရပြီး နောက်မှသာ ထောင်သို့လွှဲပြောင်း ပို့ဆောင်ခြင်းခံခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သည့် အကျဉ်းသား ဟောင်းများ အားလုံးသည် စစ်ကြောရေးစခန်းများ နှင့် ရဲစခန်းများတွင် ဥပဒေရေးရာအကြံ ရယူခွင့် မရှိခဲ့ပါ။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သည့် ဖမ်းဆီးထိန်းသိမ်းခံရသူ အချို့၏ မိသားစုဝင်များသည် တည်နေရာ နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိခွင့် ငြင်းပယ်ခံခဲ့ရသည့်အပြင် ဖြစ်စဉ်တစ်ခုတွင် လူပုဂ္ဂိုလ်တစ်ဦးကို ရဲစခန်းတွင် ထိန်းသိမ်းထားသည့်အကြောင်းကို ရဲအရာရှိများက ငြင်းဆိုခဲ့ပါသည်။ ဖမ်းဆီးထိန်း သိမ်းထားခြင်းကို ငြင်းဆိုခဲ့ခြင်း သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းခံရသူများ၏ အခြေအနေ

[1] Working Group on Arbitrary Detention, Report: Mission to China, 1 December 2004, UN Doc. E/CN/4/2005/6/Add. 4, para 54

သို့မဟုတ် တည်နေရာအား ဖုံးကွယ်ခဲ့ခြင်းဖြင့် မြန်မာစစ်တပ်သည် လူပုဂ္ဂိုလ်များ ကို အတင်းအဓမ္မ အစအနဖျောက်ခြင်းလုပ်ဆောင်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မှ တွေ့ရှိခဲ့ ပါသည်။

ဖမ်းဆီးထိန်းသိမ်းခံရသူများအား အကျဉ်းထောင် သို့မဟုတ် ထိန်းသိမ်းရေးစခန်း သို့ လွှဲပြောင်းပြီးမှသာလျှင် တရားသူကြီးရှေ့မှောက်သို့ ပို့ဆောင်ခဲ့ပါသည်။ ပုံမှန်အားဖြင့် ၎င်းတို့ ဖမ်းဆီးခံရပြီး သုံးပတ်အကြာတွင်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မှ မှတ်တမ်းတင်ခဲ့သည့် အမှု အတော်တော်များများ တွင် ဖမ်းဆီးထိန်းသိမ်းခံရသူများသည် အကျဉ်းထောင် သို့မဟုတ် ထိန်းသိမ်းရေးစခန်းသို့ ရွှေ့ပြောင်းခြင်း မခံရမီ နှစ်ပတ်ကြာ စစ်ကြောရေးစခန်းများတွင်ရှိနေနိုင်ပါသည်။ ထို့ကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသူများ ကို တရားသူကြီးရှေ့သို့ ခေါ်ဆောင်မှုမရှိခြင်းသည် ထုံးစံကဲ့သို့ ဖြစ်နေပြီး ထိုကာလအတွင်း ယင်းဖမ်းဆီး ထိန်းသိမ်းခံရသူများသည် ညှဉ်းပမ်းနှိပ်စက်ခံရခြင်း သို့မဟုတ် အခြားသော ဆိုးရွားစွာပြုမူဆက်ဆံခံရခြင်း နှင့် အဆက်အသွယ်ဖြတ် ထိန်းသိမ်းခြင်းတို့ကို ခံခဲ့ရပြီးဖြစ်သည်။

ဖမ်းဆီးထိန်းသိမ်းခံရသူများကို ခေါ်ဆောင်လာသည့် တရားရုံးများသည် စစ်တပ်မှ အာဏာသိမ်းအမှုအပြီး ထိန်းသိမ်းရေးစခန်းဝင်းများအတွင်း ဖွဲ့စည်းခဲ့သည့် တရားရုံးများဖြစ်သည်။ ဤယာယီ အရပ်ဘက်တရားရုံးများသည် အာဏာသိမ်းပြီးနောက် ဖမ်းဆီးထိန်းသိမ်းခံရသူများကိုကိုင်တွယ်ရန်အတွက် အကျဉ်းထောင် အနီးပတ်ဝန်းကျင်များတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ အရပ်ဘက်တရားရုံးများကို အရပ်သားတရားသူကြီးများမှ ဦးဆောင်ပြီး အရပ်ဘက်တရားရုံးဆိုင်ရာ သက်သေအထောက်အထားများ နှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ စံနှုန်းများကို ကျင့်သုံးသည်။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မှ တွေ့ဆုံမေးမြန်းခဲ့သည့် လူအချို့က ထို တရားရုံးများသို့ သွားရောက်ခဲ့ရကြောင်းပြောဆိုခဲ့ပါသည်။ စစ်အုပ်ချုပ်ရေးအောက်ရှိ မြို့နယ်များမှ ဖမ်းဆီးထိန်းသိမ်းခံရသူများသည် စစ်ခုံရုံးများသို့ ပို့ဆောင်လွှဲ ပြောင်းခြင်းခံခဲ့ရပြီး ဥပဒေအကြံ၊ အယူခံဝင်ခွင့် နှင့် ခုခံကာကွယ်ပိုင်ခွင့်များရရှိခဲ့ခြင်းမရှိပါ။ စစ်ခုံရုံးများသည် အရပ်ဘက်တရားရုံးဆိုင်ရာ သက်သေအထောက်အထားများ နှင့် လုပ်ထုံးလုပ်နည်းများ စည်းကမ်းများကို ကျင့်သုံးခြင်းမရှိပါ။ စစ်အုပ်ချုပ်ရေး အမိန့်ကို ရန်ကုန်ရှိ မြို့နယ် ခြောက်ခုနှင့် မန္တလေးရှိ မြို့နယ် ငါးခု တွင် ထုတ် ပြန်ထားပါသည်။ ဤစစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ထားသည့် မြို့နယ်များ အတွင်း ဖမ်းဆီးထိန်းသိမ်းခံရသူများသည် စစ်ခုံရုံးများတွင် စစ်ဆေးခံရပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှု နောက်ပိုင်း မြန်မာနိုင်ငံတွင် သေဒဏ်ပေးမှု စိုးရိမ်ဖွယ်ရာမြင့်တက်လာပြီး မြန်မာစစ်တပ်မှ ဆန္ဒပြသူများ နှင့် သတင်းထောက်များ အပါအဝင် ပြည်သူလူထုအား စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် နှိပ်ကွပ်ရန်၊ ခြောက်လှန့်ရန်၊ နှောင့်ယှက်ရန် နှင့် အကြမ်းဖက်ရန် သေဒဏ်အား လက်နက်တစ်ခု အဖြစ်အသုံးပြု နေပါသည်။

ဖမ်းဆီးထိန်းသိမ်းခံရသည့် အမျိုးသမီးများ နှင့် LGBTI အချို့သည် စစ်ကြောမေးမြန်းခြင်း နှင့် ထိန်းသိမ်းခံထားရစဉ် ညှဉ်းပမ်းနှိပ်စက်သည့် နည်းလမ်းတစ်ခုဖြစ်သော ခန္ဓာကိုယ်အနံ့ရှာဖွေခံရခြင်းအပြင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရ ခြင်း၊ ထိပါးနှောက်ယှက်ခံရခြင်း နှင့် အရှက်ခွဲခံရခြင်းများ ကြုံတွေ့ခဲ့ရပါသည်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ဆုံမြန်းခဲ့သည့် လွတ်မြောက်လာသူများတွင် အိပ်ရေးပျက်ခြင်း၊ (အမှောင်ခန်းထဲတွင် အချိန်ကြာမြင့်စွာထားခံရခြင်းကြောင့်) အမှောင်ကိုကြောက်ရွံ့ခြင်း နှင့် အိမ်မက်ဆိုးများမက်ခြင်းစေသော စိတ်ဒဏ်ရာများ ခံစားရသည့် လက္ခဏာများရှိနေပါသည်။ ထိုကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများအတွက် မြန်မာစစ်တပ်ကို တာဝန်ခံစေလိုကြောင်း လွတ်မြောက်လာသူများမှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အားပြောပြခဲ့ပါသည်။

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီမှ စတင်၍ မြန်မာနိုင်ငံတွင် သေဒဏ်ပေးမှု စိုးရိမ်ဖွယ်ရာတိုးမြင့်လာသည်ကို မှတ် တမ်းတင်ခဲ့ပါသည်။ မြန်မာစစ်တပ်သည် ဆန္ဒပြသူများ နှင့် သတင်းသမားများအပါအဝင် ပြည်သူလူထု အား

စဉ်ဆက်မပျက် ကျယ်ကျယ်ပြန့်ပြန့် နှိပ်ကွပ်၊ ခြောက်လှန့်၊ ထိပါးနှောက်ယှက်၊ အကြမ်းဖက်ရန်  သေဒဏ်ကို လက်နက်တစ်ခု အဖြစ်အသုံးပြုနေပါသည်။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ချမှတ်ခဲ့သည့် အနည်းဆုံး သေဒဏ် ၁၁၄ ခုနှင့်ဆိုင်သည့် မီဒီယာ အစီရင်ခံစာများ နှင့် အခြားသော သတင်းအချက် အလက်များကို စုဆောင်းထားခဲ့ ပြီးဖြစ်သည်။ ဤ သေဒဏ်များအားလုံးသည် စစ်ခုံရုံးများမှ ချမှတ်ခဲ့ပြီး ဖြစ်စဉ်တစ်ခုတွင် စစ်ခုံရုံးမှ လွှဲပြောင်းပေးသော အမှုကို အရွယ်မရောက်သူများကို ကိုင်တွယ်သည့် တရားရုံးမှချမှတ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် လူပုဂ္ဂိုလ်လေးဦးကို ကွပ်မျက်ခဲ့ကြောင်း မြန်မာစစ်တပ်၏သတင်းစာက ဖော်ပြခဲ့ပါသည်။ နိုင်ငံတကာဥပဒေ နှင့် စံနှုန်းများအောက်တွင် တရားမျှတမှုမရှိသည့်အမှုစစ်ဆေးမှုပြုပြီး ကွပ်မျက်ခြင်းသည် မတရားသဖြင့် အသက်ဆုံးရှုံးခြင်းတားမြစ်ချက် အပြင် ညည်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်း ကြုတ်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှု တားမြစ်ချက်ကို ချိုးဖောက်ပါသည်။

မြန်မာနိုင်ငံတွင် အတိုက်အခံပြုခြင်း သို့မဟုတ် သဘောထားကွဲလွဲမှုကို ထုတ်ဖော်ပြသခြင်းကြောင့် နေ့စဉ်နှင့်အမျှ ဖမ်းဆီးခံနေရပြီး အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ဖမ်းဆီးထိန်းသိမ်းခံရသည့် လူဦးရေတိုးပွားလာနေပါသည်။ မြန်မာစစ်တပ်သည် ပြင်ပကမ္ဘာသို့ အခြေအနေပုံမှန်ဖြစ်နေကြောင်း ပြသရန်ကြိုးပမ်းနေသော်လည်း ဖမ်းဆီးခံရသည့်လူဦးရေ နေ့စဉ်နှင့်အမျှ တိုးမြင့်လျက်ရှိပါသည်။ မြန်မာစစ်တပ်မှ ၎င်းတို့ကျူးလွန်နေသည့်ရာဇဝတ်မှုများ ရပ်တန့်ရမည်ဖြစ်ပြီး တာဝန်ခံစေရမည်ဖြစ်သည်။ လူသားတို့၏ အခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းကြောင့် စွပ်စွဲခံရပြီး အကျဉ်းချခံနေရသည့် သူများအားလုံးကို ချက်ချင်းလွှတ်ပေးရပါမည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှ ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်ကွယ်ပြုရန် မသင့်ပေ။ နေ့စဉ်နှင့်အမျှကြုံတွေ့နေရသည့် ဒုက္ခများကို အလေးပေး ရမည်ဖြစ်ပြီး ဖိနှိပ်ခံရသူများ တရားမျှတမှု ရရှိစေရန် ကူညီပြီး မြန်မာပြည်သူများနှင့်အတူ ရပ် တည်ရန်လိုအပ်ပါသည်။

## နိဂုံး နှင့် အကြံပြုချက်များ

မြန်မာပြည်တွင်းရှိ ဆိုးရွားသည့်လူ့အခွင့်အရေးအခြေအနေသည် မြန်မာစစ်တပ်အား ၎င်းတို့ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံစေရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပျက်ကွက်ခဲ့ခြင်း၏ တိုက်ရိုက်ရလဒ်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးနောက်တွင် သဘောထားကွဲလွဲမှု နှင့် ဝေဖန်မှုများကို ထုတ်ဖော်ပြောဆိုသည့် ပြည်သူများသည် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များ၏ ညည်းပမ်းနှိပ်စက်မှု နှင့် အခြားသော ဆိုးရွားစွာပြုမူခြင်းများကို နေ့စဉ်နှင့်အမျှ ကြုံတွေ့ခံစားနေကြရပါသည်။ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်အား အမြစ်ဖြတ်နိုင်ခြင်းမရှိပါက ဤလူ့အခွင့်အရေးချိုးဖောက်မှုများသည် ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်သည်။ မြန်မာစစ်တပ်၏ ယခင် နှင့် ယခုလက်ရှိ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံစေမည့် လမ်းကြောင်းဆီသို့ ဦးတည်ရမည်ဖြစ်ပြီး လူ့အခွင့်အရေးကိုမြှင့်တင်ခြင်း နှင့် ကာကွယ်စောင့်ရှောက်သည့် ဓလေ့ကို လူ့အဖွဲ့အစည်းအတွင်း တည်ဆောက်ရမည် ဖြစ်သည်။ မြန်မာစစ်တပ်၏ အကျဉ်းထောင်အတွင်းရှိ မည်သည့်ပုဂ္ဂိုလ်ကိုမဆို ညည်းပန်းနှိပ်စက်မှု၊ ရက်စက် ကြမ်းကြုတ်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု ပုံစံ အားလုံးကို လူသိရှင်ကြားရှုတ်ချပြီး ရပ်တန့်ရမည်ဖြစ်သည်။ မြန်မာစစ်တပ်၏ ယင်းကဲ့သို့သော အပြုအမူများကို မည်သည့် အခြေအနေမျိုးတွင်မဆို သည်းခံမည်မဟုတ်ကြောင်း နှင့် ကျူးလွန်သူများကို ၎င်းတို့၏ ရာထူး နှင့် တာဝန်ခွဲခြားခြင်းမရှိဘဲ  တရားဥပဒေအရ ဆောင်ရွက်ခံရ မည်ဖြစ်ကြောင်း ပြတ်ပြတ်သားသားပြောဆိုရမည်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ အောက်ပါ အသေးစိတ် အစီအမံများကို ဦးစားပေးကိစ္စများအဖြစ် လုပ်ဆောင် ရန်လည်း အကြံပြုထားပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့

- လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများ နှင့် ၎င်းတို့၏အခွင့်အရေးများကို ကျင့်သုံးသော အခြားသူများကို ထိပါးနှောက်ယှက်ရန်၊ ခြောက်လှန့် ရန်၊ ဖမ်းဆီးရန်၊ တရားစွဲဆိုရန် သို့မဟုတ် ထောင်ချရန် အတွက် ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများ အသုံးပြုခြင်းကို ချက်ချင်းရပ်တန့်ရမည်။
- ၎င်းတို့၏ လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာ ကျင့်သုံးခြင်းကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသည့် သို့မဟုတ် အကျဉ်းချခံရသည့် သူများအားလုံးကို ချက်ချင်းလွှတ်ပေးရမည်ဖြစ်ပြီး ကျန်ရှိသည့် စွဲချက်များအားလုံးရုပ်သိမ်းရမည်။ ၎င်းတို့၏အခွင့်အရေးကို ငြိမ်းချမ်းစွာ ကျင့်သုံးသော ကြောင့် ပြစ်ဒဏ်ချမှတ်ခံရသည့်သူများအားလုံး၏ ရာဇဝတ်မှုမှတ်တမ်းများကို ပယ်ဖျက်ပစ်ရမည်။
- နိုင်ငံတကာဥပဒေအားဖြင့် ပြစ်မှုမြောက်သော ညည်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု ပုံစံအားလုံး အပါအဝင် နှင့် အခြားသော လူ့ အခွင့်အရေးချိုးဖောက်မှုများ ကို ချက်ချင်းရပ်တန့်ကာ တားဆီးရမည်။
- ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မတိုင်မီ နှင့် ပြီးနောက် မြန်မာနိုင်ငံ တစ်ဝန်း လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးများနှင့် စပ်လျဉ်း၍ ဖမ်းဆီးထိန်းသိမ်းခံရသူများ၏ မိသားစုများကို ၎င်းဖမ်းဆီးခံထားရသူများ၏ အခြေအနေ နှင့် တည်နေရာများနှင့်ဆိုင်သည့် သတင်းအချက်အလက် အပြည့်အစုံကို ချက်ချင်းပေးပို့ရမည်။
- နိုင်ငံတကာစံနှုန်းများက ခွင့်ပြုထားသည့်ပြစ်မှုများဖြင့်တရားစွဲဆိုခြင်း နှင့် အမှီအခိုကင်းသည့် အရပ်ဘက်တရားရုံးမှ မိသားစု ရွေးချယ်ထားသည့် ရှေ့နေများနှင့် ပုံမှန် မကြာခဏ တွေ့ဆုံခွင့်ရှိပြီး အကျဉ်းသားများ ပြုမူဆက်ဆံသည့် အခြေခံစည်းမျဉ်းများ (Nelson Mandela Rules) နှင့် အခြားသောနိုင်ငံတကာဥပဒေ နှင့် စံနှုန်းများ နှင့်အညီ အပြည့်အဝ ဆက်ဆံခံရမည့် တရားဝင်ထားရှိသောထိန်းသိမ်းရေးစခန်းတွင်သာ ချုပ်မိန့်ပေးခံရခြင်း မှ လွဲ၍ ဖမ်းဆီးထိန်း သိမ်းခံရသူများကို ချက်ချင်းလွှတ်ပေးရမည်။
- စစ်ဆေးမေးမြန်းခြင်းအားလုံးကို စောင့်ကြည့်လေ့လာပြီး ဖမ်းဆီးထိန်းသိမ်းခံရသူများ၏ ရှေ့နေ ရှေ့မှောက်တွင်လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့ ရွေးချယ်ထားသည့် ရှေ့နေများ၊ မိသားစုများ၊ လုံလောက်သည့်ဆေးဝါးကုသမှု နှင့် လွတ်လပ်သည့်တရားရုံးများကို အလျင်အမြန် လက်လှမ်းမီနိုင်သည့် တရားဝင်ထိန်းသိမ်းရေးစခန်းများတွင်သာ လူပုဂ္ဂိုလ်များကို ထိန်းသိမ်းထားရန် အပါအဝင် ဖမ်းဆီးထိန်းသိမ်းမှုများအားလုံး နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ နှင့် စံနှုန်းများနှင့် အညီ ဆောင်ရွက်ရမည်။
- အကျဉ်းထောင်သို့ လွှဲပြောင်းပို့ဆောင်ခံရခြင်း၊ လွှဲပြောင်းခံရပြီးနောက် လွတ်မြောက်လာသည့် အချိန် အပါအဝင် အကျဉ်းထောင်သို့ ဝင်ရောက်စဉ် နှင့် အကျဉ်းကျခံရစဉ်ကာလ တစ်လျှောက်လုံးတွင် ဆေးစစ်မှုများ နှင့် ဝန်ဆောင်မှုများကို လက်လှမ်းမှီရရှိရန် လုပ်ဆောင်ပေးရမည်။
- ဖမ်းဆီးထိန်းသိမ်းခံရသူများ၏ ကျားမရေးရာ သီးခြားလိုအပ်ချက်များ နှင့် အခြေအနေများကို ဖြေရှင်းရန် အမျိုးသမီး၊ မိန်းကလေးငယ်၊ အမျိုးသမီးချင်း နှစ်သက်သူ၊ အမျိုးသားချင်း နှစ်သက်သူ၊ ကျားမ နှစ်မျိုးလုံး နှစ်သက်သူ နှင့် ဆန့်ကျင်ဖက်လိင်ခံယူသူများကို ဖမ်းဆီးထိန်းသိမ်းရာတွင် ကုလသမဂ္ဂ၏ အမျိုးသမီး အကျဉ်းသားများ ကို ကိုင်တွယ်ဆောင်ရွက်မှုများ နှင့် ပြစ်မှုကျူးလွန်သည့် အမျိုးသမီးများ

အားချုပ်နှောင်ခြင်းမပြုသည့် အစီအမံများ (ဘန်ကောက် စည်းကမ်းများ) ဆိုင်ရာ စည်းကမ်းများကို အပြည့်အ၀ လျင်မြန်စွာ အကောင်ထည်ဖော်ဆောင်ရွက်ရမည်။

- ဖမ်းဆီးထိန်းသိမ်းခံရသူများကို လွှတ်ပေးမည့်အစား ချုပ်မိန့်ပေးခံထားရပါက စစ်ဆေးမေးမြန်းရန်တာဝန်ရှိသည့် အာဏာပိုင်များသည် ဖမ်းဆီးချုပ်နှောင်ရန် တာဝန်ရှိသည့်အာဏာပိုင်များနှင့် တာဝန်ကွဲပြား လုပ်ဆောင်ရမည်။
- စစ်တပ် နှင့် ၎င်း၏ ကွပ်ကဲမှုအောက်ရှိ အခြားသောတပ်ဖွဲ့များမှ ကျူးလွန်သည်ဟု စွပ်စွဲထားသည့် ညည်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုမှ ပုံစံအားလုံး ဘက်မလိုက်၊ အမှီအခိုကင်း ပြီး ထိရောက်သော စုံစမ်းစစ်ဆေးမှုများကို ချက်ချင်း လုပ်ဆောင်ရန် အမိန့်ပေးရမည်။ လုံလောက်ပြီး လက်သင့်ခံနိုင်သည့် သက်သေအထောက်အထားများရှိပါက အမိန့်ပေးသည့် တာဝန်ရှိမှု အပါအဝင် ရာဇဝတ်မှုဆိုင်ရာတာဝန်ရှိသည်ဟုကျိုးကြောင်းဆီလျော်စွာ သံသယရှိသူများကို သေဒဏ်ပေးခြင်းမပြုလုပ်ပဲ နိုင်ငံတကာ စံနှုန်းများနှင့်ကိုက်ညီသည့် တရားစီရင်ရေးသို့ ပို့ဆောင်ရမည်။
- မြန်မာနိုင်ငံသို့ ကုလသမဂ္ဂအထူးသံတမန် နှင့် ညည်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု ဆိုင်ရာ အထူး ကိုယ်စားလှယ် နှင့် အခြား သက်ဆိုင်ရာ တာဝန်ပေးအပ်ခြင်းခံရသူများ လာရောက်နိုင်ရန် ကူညီ ဆောင်ရွက်ပေးရန် နှင့် တိုင်းပြည်အတွင်းရှိ တရားမဝင် ထိန်းသိမ်းရေးစခန်းများ အပါအဝင် မြန်မာနိုင်ငံမှ ထိန်းသိမ်းရေးစခန်းများ နှင့် ဖမ်းဆီးထိန်း သိမ်းခံရသူ များအားလုံးကို လက်လှမ်းမှီနိုင်ရန် ကူညီဆောင်ရွက်ပေးရမည်။

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့

- မြန်မာနိုင်ငံ၏အခြေအနေအား နိုင်ငံတကာရာဇဝတ်တရားရုံးသို့ လွှဲပြောင်းပေးရန်။
- ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီးနောက်ပိုင်း အတိုက်အခံများကို ဖိနှိပ်မှုများ အပါအဝင် နိုင်ငံတကာဥပဒေအောက်ရှိ ရာဇဝတ်မှုများ နှင့် ကြီးလေးသော ချိုးဖောက်မှုများအတွက် တာဝန်ရှိသည်ဟု သံသယရှိသော အဆင့်မြင့်အရာရှိများကို ပစ်မှတ်ထား၍ ဘဏ္ဍာရေးပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်။
- မြန်မာ နိုင်ငံရှိ ယခင်နှင့် ယခုဆက်လက်ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အပေါ် တာဝန်ခံမှုဆိုင်ရာ အခြေအနေတိုးတက်မှုများကို အကဲဖြတ် ဆန်းစစ်နိုင်ရန် ချက်ချင်းအရေးယူဆောင်ရွက်ရန်။
- မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်၍ တံခါးဖွင့်အစည်းအဝေး ပုံမှန်လုပ်ဆောင်ရန် နှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) အပါအဝင် လူသားချင်း စာနာ ထောက်ထားမှုအကူအညီ နှင့် အမှီအခိုကင်းသည့် စုံစမ်းစစ်ဆေးရေးမှူးများ အကန့် အသတ်မရှိ ဝင်ရောက်နိုင်ရန်လိုအပ်ကြောင်း မြန်မာစစ်တပ်ထံသို့ တိကျရှင်းလင်းသည့် အကြောင်းကြား စာပေးပို့သော ဆုံးဖြတ်ချက် သို့မဟုတ် လိုအပ်သလိုဆုံးဖြတ်ချက်များ ချမှတ် ရန်။
- လက်နက်များ၊ ခဲယမ်းမီးကျောက်များ နှင့် အခြားစစ်ဘက် နှင့် လုံခြုံရေးဆိုင်ရာ ပစ္စည်းများ အားလုံးကို သယ်ယူပို့ဆောင်ခြင်း၊ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ပေးခြင်း၊ အကျိုးဆောင်ပေးခြင်း၊ သင်တန်း နှင့် အခြားစစ်ရေးဆိုင်ရာ နှင့် လုံခြုံရေးဆိုင်ရာ အကူအညီများပေးခြင်း အပါအဝင် တိုက်ရိုက် နှင့် သွယ်ဝိုက် ထောက်ပံ့ခြင်း၊ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်း တို့အပေါ် အကျိုးသက်ရောက်သည့် ကမ္ဘာလုံးဆိုင်ရာလက်နက်ရောင်းချမှုကို ပိတ်ဆို့အရေးယူမှုအား ကျယ်ကျယ်ပြန့်ပြန့် မြန်မာနိုင်ငံအပေါ်ချမှတ်ရန် အရေးယူမှုသည် တရားဥပဒေစိုးမိုးရေးအတွက်သုံးသည့် ပစ္စည်းများ နှင့်

ပြည်တွင်းဖိနှိပ်ရန်အသုံးပြုသည့် စောင့်ကြည့် နည်းပညာများကဲ့သို့သော ကုန်စည်နှစ်ခုအသုံးပြုမှုကို ပစ်မှတ်ထားရန်လိုအပ်သည်။ ထိုပိတ်ဆို့ အရေးယူမှုများအား တင်းကြပ်စွာစောင့်ကြည့်လေ့လာရန် လိုအပ်သကဲ့သို့ ခိုင်မာထိရောက်စွာ အကောင် ထည်ဖော်လုပ်ဆောင်မည့် ယန္တရားများပါရှိရမည်။

## အမျိုးသားညီညွတ်ရေးအစိုးရ ဆီသို့

- ICC တရားစီရင်ပိုင်ခွင့်ရှိသည့် ဘင်္ဂလားဒေ့ရှ်/မြန်မာဆိုင်ရာအခြေအနေအတွင်း စွပ်စွဲထားသည့် ရာဇဝတ်မှုများအတွက် နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) အစိုးရရှေ့နေများ၏စုံစမ်းစစ်ဆေးရေး၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်း စစ်ဆေးရေး ယန္တရား (IIMM)၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် (OHCHR) နှင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်း အပါအဝင် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သည့် NUG ၏ ကြေညာချက် အပိုဒ် ၁၂ (၃) နှင့် အညီ မြန်မာနိုင်ငံအနှံ့ ကျူးလွန်ခဲ့သည် နိုင်ငံတကာ ဥပဒေများအောက်ရှိ ရာဇဝတ်များအတွက် တရားမျှတမှု နှင့် တာဝန်ခံယူမှုများ ရှိစေရန် ဆက်လက်ကြိုးပမ်းလုပ်ဆောင်ရန်။

## အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သို့

- ညည်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု ပုံစံအားလုံးကို ပြတ်ပြတ်သားသား ပြစ်တင်ရှုတ်ချရန် နှင့် တရားလက်လွတ်ဖမ်းဆီးထိန်းသိမ်းခံရသည့်သူများအားလုံးကို လွှတ်ပေးရေး ဆက်လက် တောင်းဆိုရန်။
- အာဆီယံ လူ့အခွင့်အရေးကော်မရှင် (AICHR)၏ လုပ်ငန်းသဘောတူညီချက်၊ သတ်မှတ်တာဝန် များရှိ လုပ်ပိုင်ခွင့် စည်းမျဉ်း အပိုင်း ၄.၁၁ နှင့်အညီ မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုအားလုံး သည် လူ့အခွင့်အရေးဆိုင်ရာစိုးရိမ်ချက်များကို ထည့်သွင်းစဉ်းစား၍ ကိုင်တွယ် ဖြေရှင်းရန်အတွက် ဘုံချဉ်းကပ်မှုတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန် AICHR အား ညွှန်ကြားရန်။ မြန်မာနိုင်ငံ တွင် မြန်မာစစ်တပ် နှင့် ၎င်း၏ကွပ်ကဲမှုအောက်ရှိ အခြား တပ်ဖွဲ့ဝင်များမှ ကျူးလွန် သည့်  ညည်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု ပုံစံအားလုံး အပါအဝင် ဆက်လက်ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ရပ်တန့်ရန် အာဆီယံ အနေဖြင့် ယင်းဘုံချဉ်းကပ်မှုကို အသေးစိတ် စီမံချက်တစ်ခုအဖြစ်ချမှတ်ရန်။

## နိုင်ငံတကာသို့

- မြန်မာနိုင်ငံတွင် နိုင်ငံတကာဥပဒေအောက်ရှိ လူသားမျိုးနွယ်များအပေါ် ကျူးလွန် သည့်ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှု သို့မဟုတ် အခြား ရာဇဝတ်မှုများ ကျူးလွန်သည်ဟု ကျိုးကြောင်း ဆီလျော်စွာ သံသယဖြစ်ဖွယ်ရှိသည့် မည်သည့်ကိုမဆို ကမ္ဘာလုံးဆိုင်ရာ နှင့် အခြားသော တရားစီရင်ခွင့်ပုံစံများကိုကျင့်သုံး၍ စုံစမ်းစစ်ဆေးရန်။ လုံလောက်ပြီး လက်သင့်ခံနိုင်သည့် အထောက်အထားများရှိပါက သေဒဏ်ပေးရန် လုပ်ဆောင်ခြင်း သို့မဟုတ် ချမှတ်ခြင်း သို့မဟုတ် သံသယရှိ သူအား ထိုကဲ့သို့ပြုမူနိုင်သည့် စီရင်ပိုင်ခွင့်အာဏာစက်ကွင်းသို့လွှဲအပ်ခြင်း မပြုလုပ်သည့် တရားမျှတမှုရှိ၍ နိုင်ငံ တကာစံနှုန်းများနှင့်ကိုက်ညီသည့် တရားစီရင်ရေးဖြင့် သံသယရှိသူအား တရားစွဲဆိုရန်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ကျွန်ုပ်တို့အားလုံး လူ့အခွင့်အရေးကို ခံစားနိုင်ရန် လူတိုင်းရှိ လူသားဆန်မှု နှင့် အပြောင်းအလဲအတွက် လှုံ့ဆော်ပေးသည့် လူ ပေါင်း၁၀ သန်း၏ လှုပ်ရှား မှုဖြစ်သည်။

ကျွန်ုပ်တို့၏မျှော်မှန်းချက်မှာ အာဏာရှိသူများက ၎င်းတို့၏ ကတိများကိုလိုက်နာစောင့်ထိန်းရန် နှင့် နိုင်ငံတကာ ဥပဒေကိုလေးစားလိုက်နာပြီး တာဝန်ခံမှုရှိစေသည့် ကမ္ဘာတစ်ခုဖြစ်စေရန်ဖြစ်သည်။

ကျွန်ုပ်တို့သည် မည်သည့်အစိုးရ၊ နိုင်ငံရေးအတွေးအခေါ်၊ စီးပွားရေးအကျိုးအမြတ် သို့မဟုတ် ဘာသာရေးအပေါ် အမှီအခိုမရှိပဲ အဓိကရန်ပုံငွေအဖြစ် အဖွဲ့ဝင်ကြေးနှင့် လူတစ်ဦးချင်း၏ အလှူငွေများဖြင့် ရပ်တည်နေသောအဖွဲ့ ဖြစ်သည်။

နေရာအနှံ့ရှိ ပြည်သူများနှင့် စည်းလုံးညီညွတ်ပြီး ကရုဏာတရားဖြင့် လုပ်ဆောင်ခြင်းဖြင့် လူ့အဖွဲ့အစည်း ပိုမိုကောင်းမွန်လာစေရန် ပြောင်းလဲနိုင်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။


ဆက်သွယ်ရန်

info@amnesty.org

facebook.com/AmnestyGlobal

@Amnesty

amnesty.org

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ပီတာ ဘန်နီဆန် အိမ်
အီစတန်လမ်း ၁ လန်ဒန်
WC1X 0DW, UK



ဤစာရွက်စာတမ်းပါ အကြောင်းအရာသည်အခြားပုံစံများဖြင့် မှတ်သားထားသည်မှလွဲ၍ Creative Commons (attribution, non-commercial, no derivatives, international 4.0) တွင် လိုင်စင်တင်ထားပါသည်။ (creativecommons.org/licenses/by-nc-nd/4.0/legalcode ကိုကြည့်ပါ)။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှမဟုတ်ပဲ အကြောင်းအရာများကို မိမိသဘောဖြင့် ဘာသာပြန်၊ပုံစံပြောင်း ထုတ်ဝေမှုများသည် the Creative Commons licence အရအကျုံးဝင်ခြင်းမရှိပါ။

ပိုမိုသိရှိလိုပါက အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ ဝက်ဘ်ဆိုဒ်ရှိ permissions page သို့ ဝင်ရောက်ကြည့်ရှုပါ။

# ၁၅ ရက်က ၁၅ နှစ်လို ခံစားရတယ်

***၁၅ ရက်က ၁၅ နှစ်လိုပဲ ခံစားရတယ်*** သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းပြီး နောက် ပိုင်း မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ပြုစုထားသည့် အစီရင်ခံစာများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤအစီရင်ခံစာမှ စစ်ဆေးခဲ့သည့် ဖြစ်စဉ် ဆယ်ခုတွင် ညဉ်းပန်းနှိပ်စက်မှု၊ ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုမှ လွတ်မြောက်ခွင့် ချိုးဖောက်မှုများ အပါအဝင် လူ့အခွင့်အရေးချိုး ဖောက်မှုများစွာကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့မှတွေ့ရှိခဲ့ပါသည်။

မြန်မာစစ်တပ်၏ အကျဉ်းထောင်အတွင်းရှိ မည်သည့်ပုဂ္ဂိုလ်ကိုမဆို ညဉ်းပန်းနှိပ်စက်မှု၊ ရက်စက် ကြမ်းကြုတ်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု ပုံစံ အားလုံးကို လူသိရှင်ကြားရှုတ်ချပြီး ရပ်တန့်ရမည်ဖြစ်သည်။ မြန်မာစစ်တပ်၏ ယင်းကဲ့သို့သော အပြုအမူများကို မည်သည့် အခြေအနေမျိုးတွင်မဆို သည်းခံမည်မဟုတ်ကြောင်း နှင့် ကျူးလွန်သူများကို ၎င်းတို့၏ ရာထူး နှင့် တာဝန်ခွဲခြားခြင်းမရှိဘဲ  တရားဥပဒေအရ ဆောင်ရွက်ခံရ မည်ဖြစ်ကြောင်း ပြတ်ပြတ်သားသားပြောဆိုရမည်။

မြန်မာနိုင်ငံတွင် ဆန့်ကျင်မှု သို့မဟုတ် သဘောထားကွဲလွဲမှုကို ထုတ်ဖော်ပြသခြင်းကြောင့် နေ့စဉ်နှင့်အမျှ ဖမ်းဆီးခံနေရပြီး အာဏာသိမ်းပြီးသည့်အချိန်မှစ၍ ဖမ်းဆီးထိန်းသိမ်းခံရသည့် လူဦးရေတိုးပွားလာနေပါသည်။ မြန်မာစစ်တပ်သည် ပြင်ပကမ္ဘာသို့ အခြေအနေပုံမှန်ဖြစ်နေကြောင်း ပြသရန်ကြိုးပမ်းနေသော်လည်း ဖမ်းဆီးခံရသည့်လူဦးရေ နေ့စဉ်နှင့်အမျှ တိုးမြင့်လျက်ရှိပါသည်။ မြန်မာစစ်တပ်မှ ၎င်းတို့ကျူးလွန်နေသည့်ရာဇဝတ်မှုများ ရပ်တန့်ရမည်ဖြစ်ပြီး တာဝန်ခံစေရမည် ဖြစ်သည်။ ၎င်းတို့၏ အခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းကြောင့် စွပ်စွဲခံရပြီး အကျဉ်းချခံနေရသည့် သူများအားလုံးကို ချက်ချင်းလွှတ်ပေးရပါမည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှ ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်ကွယ်ပြုရန် မသင့်ပေ။ နေ့စဉ်နှင့်အမျှကြုံတွေ့နေရသည့် ဒုက္ခများကို အလေးပေး ရမည်ဖြစ်ပြီး ဖိနှိပ်ခံရသူများ တရားမျှတမှု ရရှိစေရန် ကူညီပြီး မြန်မာပြည်သူများနှင့်အတူ ရပ် တည်ရန်လိုအပ်ပါသည်။

***အစီရင်ခံ စာအပြည့်အစုံကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ပါသည်။**

အညွှန်း: **၁၆/၅၈၈၄/၂၀၂၂**

ထုတ်ပြန်ခြင်း: **ဩဂုတ်** ၂၀၂၂

**မူရင်းဘာသာ**: အင်္ဂလိပ်

© Amnesty International 2022